# မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးသည် မြစ်ကြီးနားမြို့ရှိ မိဘမဲ့ဂေဟာအတွက် ကျောင်းဆောင်တည်ဆောက်ရန်လှူဒါန်း

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး၏ အကူအညီဖြင့်ဆောက်လုပ်သည့် ကချင်ပြည်နယ်မြစ်ကြီးနားမြို့ ဂျိမ်းဖောတိုင်းရင်းသားမိဘမဲ့ဂေဟာ (Grace Happy Land)၏ ကျောင်းဆောင်သစ်စီမံကိန်းကို နိုဝင်ဘာလ ၂ ရက်တွင် ပန္နက်ချပွဲအခမ်းအနားကျင်းပခဲ့သည်။ ယင်းစီမံကိန်းကို ဧရာဝတီမြစ်ညာရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူ လက်တွေ့အကောင်အထည် ဖော်ခြင်းဖြစ်သည်။

မြစ်ကြီးနားမြို့ဒဂုံရပ်ကွက်ခရစ်ယာန်ကျောင်းမှသင်းအုပ်ဦးကျော်စိုင်းယာအာ၊ အနောက်တာပူရပ်ကွက် သင်းအုပ်ဦးပလောင်စိုင်း၊မိဘမဲ့ဂေဟာ ကျောင်းအုပ်ဒေါ်ခွန်တင်၊ မြစ်ကြီးနားမြို့အနောက်တာပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းအေးမောင်၊ ကချင်ပြည်နယ်ပညာရေးဦးစီးဌာနပညာသင်ကြားမှု ကြီးကြပ်ရေးမှူးသူရဖိုင်ဂျာနန်(ငြိမ်း)၊ ဂျိမ်းဖောသုတေသနကုမ္ပဏီဥက္ကဋ္ဌဦးဘုန်းရှန်၊ Munaw Alhaဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီဥက္ကဋ္ဌဦးလှုစံနှင့် ဧရာဝတီမြစ်ရေအားလျှပ်စစ်ကုမ္ပဏီ ကိုယ်စားလှယ်စသည့် ဧည့်သည်တော် (၁၀)ဦးကျော်တို့က မိဘမဲ့ဂေဟာမှဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ ယင်းပန္နက်ချပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင်သင်းအုပ်ဆရာ၏ဦးဆောင်မှုအောက်တွင် မိဘမဲ့ဂေဟာမှကလေးများသည် ဆုမွန်တောင်းသီချင်းဆိုကြခြင်းဖြင့် တရုတ်သံရုံးက မိဘမဲ့ဂေဟာကိုအစဉ်တစိုက် ကူညီစောင့်ရှောက်ပေးခဲ့သည်အတွက် ကျေးဇူးတင်ရှိကြောင်းဖော်ပြထားသည်။ ငြိမ့်ညောင်းသာယာသောသီချင်းသံသည် ဧရာဝတီမြစ်ကမ်းတွင်အချိန်ကြာကြာ ပျံ့လွင့်လျက်ရှိနေသည်။

ဂျိမ်းဖောတိုင်းရင်းသား (Grace HappyLand)မိဘမဲ့ဂေဟာသည် ၁၉၉၆ ခုနှစ်တုန်းက ဖွင့်လှစ်ပြီး မြစ်ကြီးနားတက္ကသိုလ်ဆရာမဒေါ်ခွန်တင်(ငြိမ်း) လင်မယားနှစ်ဦးတို့မှ တည်ထောင်ထားခြင်းဖြစ်သည်။ အဓိကအားဖြင့် လူမှုရေးအသင်းအဖွဲ့များ၏ အလှူငွေဖြင့် လည်ပတ်စေခြင်းဖြစ်သည်။ စတင်တည်ထောင်စဉ်က ကလေးများသည် တဲအိမ်ထဲ၌နေထိုင်ရသည်။ မိုးရာသီကျတိုင်း မိုးယိုလေ့ရှိပြီး ကလေးများသည် ပလတ်စတစ်များဖြင့်ခြုံအိပ်ရရှာသည်။ အများတို့၏ ဝိုင်းဝန်းကြိုးပမ်း မှုကြောင့်လက်ရှိတွင် နေထိုင်မှုအခြေအနေ တစ်နေ့တစ်ခြားကောင်းမွန်လာနေသည်။ လောလောဆယ် ဂေဟာတွင် မိဘမဲ့ကလေး (၉၀) ကျော်လက်ခံထားသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းစစ်ဖြစ်မှု၊ ရောဂါဖြစ်မှုစသည့် အကြောင်းအရင်းများကြောင့် ကျန်ရစ်ထားသော မိဘမဲ့ကလေးများဖြစ်ကြသည်။ ၎င်းအနက် ကချင်၊ မြန်မာ၊ ရှမ်း၊ မြန်မာနိုင်ငံသားကုလားစသည့် လူမျိုးပေါင်းစုံပါဝင်လျက်ရှိသည်။

ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးပါက မိဘမဲ့ကလေးများ၏ နေထိုင်မှုနှင့် ပညာသင်ကြားမှုအခြေအနေကိုပိုမိုကောင်းမွန်အောင် ပြောင်းလဲစေနိုင်သည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - လီဝင်ပင်း


# ပထမအကြိမ် "ဧရာဝတီမြစ်ဖလား" လျှပ်စစ်ဓာတ်အားနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ပါးခေါ်ယူပွဲနှင့် ဟောပြောပွဲအောင်မြင်စွာကျင်းပပြီးစီး

ဧရာဝတီမြစ်ညာ ရေအားလျှပ်စစ်စီမံကိန်းနှင့်ပြောင်းရွှေ့ရွာရှိ ရပ်ကွက်များအကြားအပြန်အလှန် ဆက်သွယ်ဖလှန်စေရန်၊ ပြည်သူလူထုများမှ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်မှုဆိုင်ရာ အသိအမြင်ကို မြှင့်တင်စေရန်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် တရုတ်နိုင်ငံလျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းဧရာဝတီ မြစ်ညာရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံမြစ်ဆုံပြောင်းရွှေ့ရွာ အောင်မြင်သာစာသင်ကျောင်းနှင့် ပူးပေါင်းကျင်းပသော ပထမအကြိမ်ဧရာဝတီမြစ်ဖလား"လျှပ်စစ်ဓာတ်အားနှင့်ဖွံ့ဖြိုးတိုးတက်ရေး"ဆောင်းပါးခေါ်ယူပွဲနှင့်ဟောပြောပွဲကို အောင်မြင်သာရွာ စာသင်ကျောင်းခန်းမဆောင်တွင်ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ဧရာဝတီမြစ် ကုမ္ပဏီကိုယ်စားလှယ်၊ ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသန်းထွန်း၊ အောင်မြင်သာပြောင်းရွှေ့ရွာ စီမံအုပ်ချုပ်ရေးမှူးဂျာနောနှင့်ပြောင်းရွှေ့ရွာ စာသင်ကျောင်းမှဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘများစုစုပေါင်း(၂၀၀)ကျော်တို့သည် ဟောပြောပွဲသို့လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။




ယခုအကြိမ်ဆောင်ပါးခေါ်ယူပွဲနှင့်ဟောပြောပွဲ၏ ခေါင်းစဉ်မှာ လျှပ်စစ်နှင့်ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်။ လျှပ်စစ်ဓာတ်အားမှနေထိုင်မှုဘဝအပေါ် ထိခိုက်ပြောင်းလဲခြင်း၊ လျှပ်စစ်ဓာတ်အားမှ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အရေးပါပုံတို့ကို အဓိကထားဟောပြောခဲ့သည်။ ပြိုင်ပွဲတွင်မူလတန်းအဖွဲ့၊ အလယ်တန်းအဖွဲ့၊ အထက်တန်းအဖွဲ့နှင့်ဆရာများအဖွဲ့ဟူ၍ အဖွဲ့လေးဖွဲ့ခွဲထားပြီး ဆောင်ပါးခေါ်ယူပွဲနှင့်ဟောပြောပွဲအဖြစ် အပိုင်းနှစ်ပိုင်းခွဲထားသည်။ တစ်ဖွဲ့လျှင်ပထမဆု၊ ဒုတိယဆု၊ တတိယဆုတို့ကိုခွဲထားသည်။ ဟောပြောပွဲသို့ လက်ရွေးစင်(၂၉)ဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ လက်ရွေးစင်(၁၂)ဦးတို့က ဆုလာဘ်အသီးသီးရရှိခဲ့သည်။ အောင်မြင်သာ စာသင်ကျောင်းသည် ယခုအကြိမ်လှုပ်ရှားမှုကို တာဝန်ယူလက်တွေ့ စီစဉ်ဖော်ဆောင်ခဲ့သည်။ ဧရာဝတီမြစ်ကုမ္ပဏီသည် အကဲဖြတ်ဒိုင်လူကြီးနှင့် ကြီးမှူးကျင်းပဖက်အဖြစ်လှုပ်ရှားမှုအတွက် တစ်လျှောက်လုံးပါဝင်ခဲ့သည်။



ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူလက်ရွေးစင်တို့က ကိုယ်တိုင်အခြေအနေနှင့်ကိုက်ညီပြီးသက်ဝင်ရိုးစင်းသော စကားဖြင့် လျှပ်စစ်ဓာတ်အားမှ ၎င်းတို့၏နေထိုင်မှုဘဝအတွက် ဆောင်ကြဉ်းလာသောကောင်းကျိုးနှင့်ပြောင်းလဲမှုများကို ပြောပြခဲ့ကြသည်။ တီတီခေါ် အလယ်တန်းကျောင်းသူတစ်ဦးက"လျှပ်စစ်ဓာတ်အားဟာကျွန်မတို့ရဲ့နေထိုင်မှုဘဝကို အဆင်ပြေစေပါတယ်။ လျှပ်စစ်ဓာတ်အားရှိရင်တိုက်ကြီးများသို့ ပင်ပင်ပန်းပန်း တက်ဖို့မလိုတော့ပါ"ဟု ဟောပြောခဲ့သည်။ အာတာခေါ် မူလတန်း ကျောင်းသားတစ်ဦးက"လျှပ်စစ်ဓာတ်အားရှိရင်မေမေရဲ့လက်ကို လွတ်မြောက်စေနိုင်တယ်။ မေမေကလက်နဲ့ အဝတ်လျှော်ရန်မလိုတော့ပဲအဝတ်လျှော်စက်နဲ့ အဝတ်လျှော်နိုင်တယ်"ဟု ဟောပြောခဲ့သည်။

ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသန်းထွန်းမှ မိန့်ခွန်းပြောကြားရာတွင် ယခုအကြိမ်ဟောပြောပွဲသည် လျှပ်စစ်ဓာတ်အားဆိုင်ရာ ပညာပေးရေးအတွက် အခွင့်ကောင်းဖြစ်ကြောင်း၊ ရွာသူရွာသားများအနေဖြင့် လျှပ်စစ်ဓာတ်အားလုံခြုံစွာသုံးစွဲမှုဆိုင်ရာ ဗဟုသုတများကိုကောင်းမွန်စွာ လေ့လာကြမည်ဟုမျှော်လင့်ထားကြောင်း၊ အနာဂတ်တွင် ရွာသူရွာသားတို့၏ နေထိုင်မှုဘဝ ကောင်းမွန်သထက်ကောင်းမွန်လာနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားသွားသည်။

သတင်းထောက် - ထျန်ရဲ၊ လီလျန့်၊ ကောင်ပင်း